ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၃– ၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်၊
# ကချင်ပြည်နယ်၏
# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

၂၀၁၃–၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် ၊ ကချင်ပြည်နယ်၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

( ၂၀၁၃ ခုနှစ် ကချင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁၁ ။ )

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက်

(၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်)

ကချင်ပြည်နယ်လွှတ်တော်သည်ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့် အကျိုးသက်ရောက်သည့် ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၃–၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်၊ ကချင်ပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၃–၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကချင်ပြည်နယ်တစ်ဝန်းလုံး၌အကျိုးသက်ရောက်စေရမည်။

အခန်း(၂)

**နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့်**

**စီမံခန့်ခွဲခြင်း**

၂။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများနှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဇယား(၁)၊ (၂)၊ (၃)တို့တွင် ခွင့်ပြုထားသော သုံးငွေများအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည်မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာသုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင်ခွင့်ပြုထားသည့်ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၃ ခုနှစ်၊ ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရခွင့်ပြုထားသည့်ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင်နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကိုစီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စု ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) လဂျွန်ငန်ဆိုင်း

ဝန်ကြီးချုပ်

ကချင်ပြည်နယ်အစိုးရအဖွဲ့

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၃ ခုနှစ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁ | **ပြည်နယ်အစိုးရအဖွဲ့** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅၀၇. ၂၁၃ | | | ၆၆. ၇၀၀ | | | |
| ၂ | ၂ | **ပြည်နယ်လွှတ်တော်** | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၈. ၈၇၈ | | | ၃၉. ၇၄၇ | | | |
| ၃ | ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | | ၁၀. ၀၀၀ | | | |
| ၄ | ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | | ၂၀. ၃၅၅ | | | |
| ၅ | ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁. ၈၄၆ | | | ၅. ၆၅၀ | | | |
| | | ပေါင်း | | ၅၁၇. ၉၃၇ | | | ၁၂၀. ၆၅၂ | | | |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့ များ

ဇယား

(ကျပ်သန်းပေါ

| အမှတ်စဉ် | ၂၀၁၃ ခုနှစ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့ အစည်းများတွ ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၁ | **ပြည်ထဲရေး** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄၄· ၂၇၅ | | | ၂၂· ၄၃၃ | | | |
| | | ၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၄၄· ၂၇၅ | | | ၂၂· ၄၃၃ | | | |
| ၂ | ၃ | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း | ၎င်း | ၃၀· ၇၇၄ | | | ၁၂· ၁၄၀ | | | |
| | | ၁။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၃· ၄၇၉ | | | | | | |
| | | ၂။ စိုက်ပျိုးရေးဦးစီးဌာန | | ၂၇· ၂၉၅ | | | | | | |
| | | ၃။ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | | | | ၁၂· ၁၄၀ | | | |
| ၃ | ၄ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၎င်း | ၂၇· ၄၃၂ | | | ၁. ၁၆၁ | | | |
| | | ၁။ ငါးလုပ်ငန်းဦးစီးဌာန | | ၂၇· ၄၃၂ | | | ၁. ၁၆၁ | | | |
| ၄ | ၉ | ဆောက်လုပ်ရေး | ၎င်း | ၉၇၂· ၈၇၀ | | | ၉၆၀· ၉၃၉ | | | |
| | | ၁။ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၆. ၆၀၀ | | | ၁၁၂· ၉၃၉ | | | |
| | | ၂။ အဆောက်အအုံ၊ လမ်းနှင့်တံတားများ ပြုပြင်ထိန်းသိမ်းခြင်း | | ၉၆၆. ၂၇၀ | | | ၈၄၈. ၀၀၀ | | | |
| ၅ | ၁၁ | စည်ပင်သာယာရေးအဖွဲ့ | ၎င်း | ၁၇၀. ၈၉၂ | | | ၁၈၀. ၀၅၁ | | | |
| | | ၁။ စည်ပင်သာယာရေးအဖွဲ့များ | | ၁၇၀. ၈၉၂ | | | ၁၈၀. ၀၅၁ | | | |
| | | ပေါင်း | | ၁၂၄၆. ၂၄၃ | | | ၁၁၇၆. ၇၂၄ | | | |

ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၃ ခုနှစ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံး ဆိုင်ရာဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၃ | **ဆောက်လုပ်ရေး**<br>၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၈၂၅. ၇၉၆<br>၁၈၂၅. ၇၉၆ | | | | | | |
| | | ပေါင်း | | ၁၈၂၅. ၇၉၆ | | | | | | |